
မိုးဖွဲ့တိမ်
ကြည်တင့်

# စောက်ကောင်တွေ အကြောင်း

## တိုင်စာ

ခင်ဗျားအသက်ပေးသွားတဲ့ လွတ်လပ်ရေး ကို

ကျုပ်တို့ခုထိ မခံစားရသေးဘူးဆိုတာသိရင်

ခင်ဗျား ဝမ်းနည်းနေမှာ ပဲ။

အလောင်းမင်းတရားကို ဖိနပ်ဖိနပ်တုန်အောင်ကြောက်ခဲ့တဲ့ကောင်တွေ လေ

ကျုပ်တို့ဆို အရမ်းအထင်သေးတာပဲဗိုလ်ချုပ်။

ဒီကောင်တွေ မှ မဟုတ်ဘူး

နိုင်ငံတကာကလည်း တခြားနိုင်ပံတွေ ကိုပဲအားကိုးနေကြရတာ

ကျုပ်တို့တိုင်းပြည်မှာ အလုပ်မရှိဘူးဗိုလ်ချုပ်

ကျုပ်တို့ပညာရေး မြင့်မားလိုက်ပုံကလည်း

မြန်မာစာဘွဲ့ရဟာ ကကြီးကို အံကြိတ်ရေး ရတယ်။

♥♥♥

ခင်ဗျားက ကျုပ်တို့တွေ ဖင်ပြဲအောင် အလုပ်လုပ်ရမတဲ့

ကျုပ်တို့ပြည်သူတွေ အရိုးကွဲအောင်လုပ်ခဲ့ပြီးပြီ

နင်းပြားပြီး ကျောမွဲ၊ ကျောမွဲပြီး နင်းပြား

ကျုပ်တို့ဘဝတွေ တိုးတက်မလာဘူးဗိုလ်ချုပ်

သူခိုးတွေ နဲ့၊ ကုလားတွေ နဲ့၊ တရုတ်တွေ နဲ့ ပေါင်းခိုးတာကုန်ရော

တောတွေ တောင်တွေ နဲ့ နီးတဲ့ ပြည်သူတွေ လည်း

ကိုယ့်တော ကိုယ့်တောင် ဘယ်နေ့ဖျက်ဆီးခံရမလဲလို့

နေ့စဉ် နေ့စဉ် ရင်တစ်ထိတ်ထိတ်

♥ ♥ ♥

အနောက်ရိုးမကိုလည်း ဘင်္ဂါလီတွေ ကျူး ကျော်လို့၊ ရန်စလို့

ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာ

ကိုယ့်အသက်ကိုကိုယ် ဖက်နဲ့ထုပ်ထားကြရှာပေါ့။

အာဏာပိုင်ဆိုတဲ့ လူအကြီးကြီးတွေ ကလည်း

သေနပ်ဆိုတာ ပြည်သူထဲကိုတည့်တည့်ပစ်တယ်

တရုတ်တွေ ကို ကြောက်ရတယ်ဘုရား

လယ်သမားတွေ ထမင်းတစ်နပ်လျှော့စားပါ

ပြည်သူကို နယ်လှည့်ပါးရိုက်လာတာ ငါကွ

မကျေနပ်ရင်တောခိုကြ

ဆိုတာမျိုး ပဲပြောတက်တယ်

အဲသလိုကောင်တွေ ကို ကျုပ်တို့ထိုင်ကြည့်နေရတာ ပေါ့။

♥ ♥ ♥